## ကူညီမှုများအတွက် မိမိတို့၏ သံဓိဋ္ဌာန်များ

အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် ဂျူးဘာသာတရား၏ တရားမျှတမှုအပေါ် လိုလားသောဆန္ဒများ၏ စေ့ဆော်မှုဖြင့် အာရှ၊ အာဖရိကနှင့် အမေရိကဒေသများရှိ အောက်ခြေလူထုဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေးလုပ်ငန်းများကိုကူညီရန် ၁၉၈၅ ခုနှစ်ကထည်းက စတင်၍ သံဓိဋ္ဌာန်ချမှတ်လုပ်ဆောင်ခဲ့သည်။ ထိုဒေသအသီးသီးရှိ ဒေသခံအဖွဲ့များအပေါ် ကူညီမှုများမှတဆင့် မိမိတို့အဖွဲ့သည် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်သော ရပ်ရွာဒေသများ၊ လူထုများနှင့် တပေါင်းတစည်း တသွေးထဲ တသားထဲ ရပ်တည်နိုင်ခဲ့သည်။ အောက်ခြေလူထုခေါင်းဆောင်များနှင့် လှုံ့ဆော်သူများ၏ စွမ်းစွမ်းတမံကြိုးပမ်းလုပ်ဆောင်မှုများကို ကူညီထောက်ပံ့ပေးခြင်းဖြင့် ထိုသူတို့၏လုပ်ငန်းများနှင့်  မိမိတို့၏လုပ်ငန်းများပါ စွမ်းပကားတိုးတက်လာခဲ့သည်။ ဝေးကွာလှသောနယ်စွန်နယ်ဖျားဒေသများ၊ မြို့ပြများရှိ ပုံကျရပ်ကွက်များနှင့် ပဋိပက္ခဒေသများရှိ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများကို ထောက်ပံ့ကူညီခြင်းဖြင့် မိမိတို့အဖွဲ့သည် သမရိုးကျ ဖွံ့ဖြိုးရေးကြိုးပမ်းလုပ်ဆောင်ချက်များနှင့် အကြုံးမဝင်သော ပြည်သူများနှင့် ထိစပ်မှုများ ရရှိလာခဲ့သည်။ ထိုပြည်သူများသည် ဒေသခံအစိုးရများနှင့် လူထုအသိုင်းအဝိုင်းတို့၏ သီးသန့်ခွဲခြားမှုကို မကြာခဏ ခံစားရသည်။ ထို့ကြောင့် ထိုပြည်သူများနှင့်လုပ်ဆောင်ခြင်းသည် လူထုအတွက် အထောက်အပံ့ကူညီမှုများကို တောင်းဆိုခြင်း၊ လူ့အခွင့်အရေးများကို လေးစားစေခြင်းနှင့် ခွဲခြားဖိနှိပ်မှုများကို လျော့ပါးစေခြင်းစသည့် အထောက်အပံ့အကူအညီများနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုများကို ပေါင်းစပ်လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

မိမိတို့၏ လုပ်ဖော်ကိုင်ဖက်အဖွဲ့များသည် အသစ်အဆန်းကို တီထွင်သော၊ ခိုင်မာသောဆုံးဖြတ်ချက်ရှိသော ရဲစွမ်းသတ္တိရှိသော အဖွဲ့များဖြစ်သည်။ နေ့တဓူဝဆိုသလို ဆင်းရဲမွဲတေမှုများနှင့် ခွဲခြားဖိနှိပ်မှုများကို ဖြေရှင်းရန် ကြံဆောင်နေသလို မိမိတို့ပတ်ဝန်းကျင်အဝန်းအဝိုင်းတွင်သာမက သက်ဆိုင်ရာအစိုးရအထိ ပြောင်းလဲမှုများဖြစ်ထွန်းလာစေရန် ကြိုးပမ်းလှုံ့ဆော်နေလျက်ရှိကြသည်။ ထိုသူများသည် သူတို့လုပ်ဆောင်နေသည့်ကြိုးပမ်းမှုများအပေါ် မြတ်နိုးလေးစားသလို မိမိတို့အနေဖြင့်လဲ သူတို့၏ အောင်မြင်မှုများအပေါ် လေးစားဂုဏ်ယူလျက်ရှိ၏။

ထို့အတွက်ကြောင့် ထိုလုပ်ငန်းများကို သင်သိနိုင်ရန်အတွက် ဂုဏ်ယူဝံ့ကြွားစွာ မျှဝေလိုက်ပါသည်။

ရှသ် မက်ဆင်ဂျာ
ဥက္ကဋ္ဌ

ကိတ်တ် ကရိုဂျာ
ထောက်ပံ့ကူညီမှုဆိုင်ရာ ဒါရိုက်တာ

## ထောက်ပံ့ကူညီမှုများဆိုင်ရာမူဝါဒများနှင့် နည်းဗျူဟာများ

ကူညီမှုဆိုင်ရာ နည်းဗျူဟာများ

အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် မိမိ၏ ထောက်ပံ့ကူညီမှုရည်မှန်းချက်များကို အချင်းချင်းဆက်စပ်နေသော နည်းဗျူဟာများဖြင့် လုပ်ဆောင်နေလျက်ရှိသည်။

ထောက်ပံ့ကူညီမှုများ ၊

အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် ဒေသခံအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရပ်ရွာလူထုဖွံ့ဖြိုးရေးနှင့်

လူမှုပြောင်းလဲရေးဆိုင်ရာ ပြင်ဆင်မှုများလုပ်ဆောင်ရန်အတွက် ပြုပြင်ပြောင်းလဲလွယ်ပြီး ရေရှည်ဖြစ်သောထောက်ပံ့မှုများကို ထောက်ပံ့နေလျက်ရှိသည်။

*လက်တွဲလုပ်ဆောင်ချက်များ။* အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် အခြား အလှူရှင်များ၊ အပြည်ပြည်ဆိုင်ရာကွန်ယက်များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မိမိတို့၏ လုပ်ဖောင်ကိုင်ဖက်အဖွဲ့များကို ရင်းမြစ်များ၊ သင်တန်းများ၊ ပေါ်လစီချမှတ်သည့်အစီအစဉ်များရရှိစေရန် လုပ်ဆောင်ပေးလျက်ရှိသည်။ အဓိကရဖြစ်သည့် နိုင်ငံတကာနှင့် နိုင်ငံတော်အဆင့်အဖွဲ့အစည်းများကိုလည်း Collegial Partnership Grants အစီအစဉ်မှတဆင့် ကူညီထောက်ပံ့မှုများပေးလျက်ရှိသည်။

*စွမ်းရည်မြှင့်လုပ်ငန်းများ။* အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် မိမိတို့၏ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းလက်တွဲ၍ လက်တွဲဖော်အဖွဲ့များ၏  စွမ်းရည်များတိုးတက်လာစေရန်အတွက် အချင်းချင်းလေ့လာမှုများ၊ ပြင်ဆင်ထားသော လေ့လာသုံးသပ်မှုများနှင့် ထပ်ဆင့်နောက်ဆက်တွဲသင်တန်းများနှင့် အခွင့်အလမ်းများကို ဖန်တီးပေးပါသည်။ ထို့ပြင် ရပ်ရွာဒေသအတွင်းရှိ စွမ်းရည်မြှင့်လုပ်ဆောင်သူအနေဖြင့် နိုင်ငံအဆင့်အထိ သင်တန်းကွန်ယက်များတိုးတက်တည်ဆောက်နိုင်ရန် ကူညီထောက်ပံ့မှုများလုပ်ဆောင်ပေးပါသည်။

*လှုံ့ဆော်မှုအစီအစဉ်များ။* အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် အောက်ခြေလူထု၏အသံများကို နိုင်ငံတော်နှင့် နိုင်ငံတကာအဆုံးအဖြတ်များတွင် ပါဝင်နိုင်စေရန် လုပ်ဆောင်ပေးလျက်ရှိသည်၊ ထိုသို့လုပ်ဆောင်သည့်အားလျော်စွာ ပေါ်လစီများချမှတ်သည့်အစည်းအဝေးများသို့ မိမိ၏လက်တွဲဖော်အဖွဲ့များတက်ရောက်နိုင်ရန်အတွက် သွားလာမှုကုန်ကျစရိတ်များထောက်ပံ့ပေးခြင်း၊ မိမိတို့၏လက်တွဲဖော်အဖွဲ့များ၏ အသံများနှင့် ကျွမ်းကျင်မှုများကို တင်ပြဖော်ဆောင်နိုင်မည့် ဒေသအတွင်းရှိအဖွဲ့အစည်းများကို ရံပုံငွေများထောက်ပံ့ကူညီခြင်းများကိုလည်း လုပ်ဆောင်ပါသည်။

## ငွေကြေးကူညီထောက်ပံ့ခြင်းမူဝါဒများ

အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် တရားမျှတပြီး လူတိုင်းတန်းတူခံစားခွင့်ရှိသော ကမ္ဘာကြီးကို ဖန်တီးနိုင်ရန်အတွက် ကြိုးပမ်းလုပ်ဆောင်နေသော အောက်ခြေလူထုအသိုင်းအဝိုင်းများကို ကူညီထောက်ပံ့ပါသည်။ ထိုကူညီထောက်ပံ့မှုများကိုလုပ်ဆောင်ရာတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စာတမ်းတွင် အတိအလင်းဖော်ပြရေးသားထားသည့် “လူသားတို့၏မွေးရာပါဂုဏ်သိက္ခာနှင့် လူသားမျိုးနွယ်ဝင်တိုင်း၏ တန်းတူဖြစ်ပြီး ယူဆောင်သိမ်းပိုက်၍မရနိုင်သော အခွင့်အရေးများအပေါ် အသိအမှတ်ပြုခြင်းသည် ကမ္ဘာ့ လွတ်လပ်မှု၊ တရားမျှတမှုနှင့်ငြိမ်းချမ်းမှုတို့၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်” ဆိုသည့်တန်ဖိုးနှင့် သတ်မှတ်ချက်များကို ဦးထိပ်ပန်ဆင်၍ လုပ်ဆောင်နေလျက်ရှိသည်။

*အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့နှင့် လက်တွဲဖော်အဖွဲ့များသည် အောက်ပါအချက်များကို လေးနက်စွာ ယုံကြည်သည်။*

– အောက်ခြေလူထုအဖွဲ့အစည်းများသည် မိမိတို့ရပ်ရွာနှင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရည်မှန်းထားခြင်းများ၊ တင်ပြေပြောဆိုမှုများနှင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများအား အကောင်းဆုံး  လုပ်ဆောင်နိုင်သူများဖြစ်သည်။
– လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသရွေ့ ရပ်ရွာလူထုဖွံ့ဖြိုးမှုများ အကောင်အထည်ပေါ်လာမည်မဟုတ်။
– အမျိုးသမီးများသည် ရပ်ရွာလူထုဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲမှုများတွင် အရေးကြီးသော အစိတ်အပိုင်းတရပ်ဖြစ်သည်။ လိင်ကွဲပြားမှုအပေါ်အခြေခံသည် အကြမ်းဖက်မှုများနှင့် ဖိနှိပ်မှုများကို တွန်းလှန်ရန်အတွက် အမျိုးသမီးများကို စွမ်းရည်အပြည့်အဝမမြှင့်ပေးနိုင်သရွေ့ ရပ်ရွာလူထု၏ဘဝများ သာယာဝပြောနိုင်မည်မဟုတ်။

– ဆင်းရဲမွဲတေမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် ရပ်ရွာလူထုအတွင်း သီးသန့်ခွဲခြားခံနေရသော ရပ်ရွာလူထုကိုသာ မိမိအသိုင်းအဝိုင်းအတွင်း တက်ကြွလာအောင် လုပ်ဆောင်ပေးနိုင်ပါက ထိုသူတို့သည် ပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စွမ်းစွမ်းတမံလုပ်ဆောင်နိုင်မည့်သူများ ဖြစ်လာပေမည်။

**ငွေကြေးထောက်ပံ့ကူညီနိုင်သော လုပ်ငန်းဧရိယာနယ်ပယ်များ**

အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် အောက်ပါလုပ်ငန်းဧရိယာနယ်ပယ်များတွင် လုပ်ဆောင်နေသည့် အာဖရိက၊ အာရှနှင့် အမေရိကတိုက်မှ အစိုးရမဟုတ်သော ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများကို ထောက်ပံ့ကူညီပေးလျက်ရှိသည်။

*ရေရှည်တည်တံ့ခိုင်မြဲသည့် ဘဝနှင့် ဖွံ့ဖြိုးတိုးတက်မှု။* ။ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် တည်တံ့ခိုင်မြဲရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်၊ သင့်လျော်မျှတသည့် လုပ်အားစံချိန်စံညွှန်းများ တိုးတက်လာအောင်နှင့် အမျိုးသမီးများနှင့် ပတ်ဝန်းကျင်တွင် သီးသန့်ဖယ်ကြဉ်ခံရသည့် လူတန်းစားများ၏ လူမှုအဆင့်အတန်း မြင့်မားအောင် လုပ်ဆောင်နေသည့် အောက်ခြေလူထုအဖွဲ့အစည်းများ၏ လုပ်ဆောင်နိုင်စွမ်းများ ပိုမိုအားကောင်းလာစေရန် အကူအညီများပေးလျက်ရှိသည်။ ဦးစားပေးကူညီသည့်အရာများမှာ–

– တည်တံ့ခိုင်မြဲသည့် စိုက်ပျိုးရေး၊ ဂေဟစနစ်နှင့် အစားအစာလုံခြုံရေးဆိုင်ရာ လုပ်ငန်းများ၊
– မြေယာနှင့် ရင်းမြစ်အခွင့်အရေးဆိုင်ရာလုပ်ငန်းများ
– စီးပွားရေးအခွင့်အလမ်းဆိုင်ရာ လုပ်ငန်းများ
– ပျံ့ကျရပ်ကွက်များနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများ

*ရပ်ရွာပတ်ဝန်းကျင် ကျန်းမာရေး။* ။ အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် ကျန်းမာရေးဝန်ဆောင်မှုများအား ပိုမိုလက်လှမ်းမီခံစားနိုင်ခြင်း၊ ရောဂါအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ထိမ်းချုပ်ရေးတွင် ရပ်ရွာလူထု ဦးဆောင်ပါဝင်နိုင်ခြင်း၊ လိင်ကွဲပြားမှုကိုအခြေခံသည့် အကြမ်းဖက်မှုများ ပပျောက်စေခြင်းတို့ဖြင့် ရပ်ရွာပတ်ဝန်းကျင်၏ ကျန်းမာရေးအဆင့်အတန်းများတိုးမြင့်လာစေရန် ကူညီပေးလျက်ရှိသည်။ ဦးစားပေးကူညီသည့် လုပ်ငန်းများမှာ–

– အိပ်ချ်အိုင်ဗီ အေအိုင်ဒီအက်စ်နှင့် အခြားရောဂါများကို ကာကွယ်တားဆီးခြင်း၊ စောင့်ရှောက်ပေးခြင်း၊ ကူညီပေးခြင်း၊ ပညာပေးခြင်းနှင့် လှုံ့ဆော်ပေးခြင်းလုပ်ငန်းများ၊
– အမျိုးသမီးများနှင့် ကလေးများ၏ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာလုပ်ငန်းများ၊
– ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ ပိုမိုအားကောင်းလာစေသည့် လုပ်ငန်းများ၊
– အကြမ်းဖက်မှုများ တားဆီးရေးလုပ်ငန်းများ၊

*လူတိုင်းအတွက် ပညာရေး။* ။ အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် ပင်မရေစီးကြောင်း ကျောင်းပညာရေးပုံစံများတွင် ပါဝင်ခွင့်မရှိသော လူငယ်များနှင့် အရွယ်ရောက်ပြီးဖြစ်သောသူများအတွက် အများပြည်သူအတွက် အခြေခံပညာရေး၊ သမရိုးကျမဟုတ်သော ပညာရေးနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများ ပိုမိုအားကောင်းလာစေရန် ထောက်ပံ့ကူညီပေးလျက်ရှိသည်။ ဦးစားပေးကူညီသည့်အရာများမှာ–

– လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုခံစားနေရသော အမျိုးသမီးငယ်များ၊ မိဘမဲ့များနှင့် ကလေးများအတွက် ပညာသင်ကြားလက်လှမ်းမီမှုကို တိုးမြှင့်ပေးသည့်လုပ်ငန်းများ၊
– ကျောင်းဆရာဖြစ်သင်တန်းများ၊ သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးတိုးတက်စေမှုများ၊ စာသင်ကျောင်းနှင့် ပတ်ဝန်းကျင်ပူးပေါင်းဆောင်ရွက်မှုများမှတဆင့် ပညာရေးဆိုင်ရာအရည်အသွေးများ တိုးတက်စေသည့်လုပ်ငန်းများ၊
- သက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အသုံးလုံးသင်တန်းများ၊
- မူလဦးကာလ ကလေးဖွံ့ဖြိုးရေးအစီအစဉ်များကို တိုးတက်လုပ်ဆောင်သည့် လုပ်ငန်းများ၊

*ပဋိပက္ခများနှင့် အရေးပေါ်အခြေအနေများတွင် ရပ်ရွာ၏ ပါဝင်မှု။* ။ အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် ပဋိပက္ခများနှင့် အရေးပေါ်အခြေအနေများ၏ သက်ရောက်မှုခံနေရသော ရပ်ရွာပတ်ဝန်းကျင်များကို ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်ရှေ့ရှုနိုင်ရန်တွက် ကြိုးပမ်းလုပ်ဆောင်မှုများကို ထောက်ပံ့ကူညီပေးသည်။ ဦးစားပေးကူညီသည့်အရာများမှာ–

- နိုင်ငံတကာနှင့် ရပ်ရွာပတ်ဝန်းကျင်တို့က ဦးဆောင်သည့် သဘာဝဘေးဒဏ်တုန့်ပြန်ဆောင်ရွက်မှုများ၊ ကြိုတင်ပြင်ဆင်မှုများနှင့် အန္တရာယ်လျော့ချစေမှုများကို ပိုမိုအားကောင်းအောင်လုပ်ဆောင်သည့် လုပ်ငန်းများ၊
- လူမှုစိတ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့သည့်လုပ်ငန်းများ၊
- လက်နက်ကိုင်တပ်ဖွဲ့ဝင်များ အထူးသဖြင့် ကလေးများအား လက်နက်ဖျက်သိမ်းခြင်း၊ စစ်မှုထမ်းခြင်းမှ ရပ်ဆိုင်းခြင်းနှင့် လူမှုဘဝများအတွင်း ပြန်လည်အသားကျစေခြင်းဆိုင်ရာ လုပ်ငန်းများ၊
- ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် စီးပွားရေးစွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များ အထူးသဖြင့် အမျိုးသမီးများနှင့်လူငယ်များ ဦးဆောင်သည့် အစီအစဉ်များ၊
- ရေရှည်တည်တံ့ခိုင်မြဲသည့် အစီအစဉ်များ၊ ရပ်ရွာလူထုအားလုံး ကျန်းမာရေးနှင့် ပညာရေးရရှိရေးအစီအစဉ်များမှတဆင့် သဘာဝဘေးဒဏ်မှ ဖွံ့ဖြိုးတိုးတက်ရေးသို့ အသွင်ကူးပြောင်းသည့် လုပ်ငန်းများ၊

*လူထုအသံ– နိုင်ငံသားများဆိုင်ရာနှင့် နိုင်ငံရေးတွင် ပါဝင်ခွင့်။* ။ အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် ရပ်ရွာလူထုများ၏ ဘဝအပေါ် တိုက်ရိုက်သက်ရောက်မှုစေမည့် ပေါ်လစီများနှင့် အစီအစဉ်များကို လူထုကိုယ်တိုင်ပြင်ဆင်ရေးဆွဲနိုင်ရန် ကူညီထောက်ပံ့လျက်ရှိသည်။ အောက်ပါအခွင့်အရေးများနှင့်ပတ်သက်၍ လုပ်ဆောင်နေသောအဖွဲ့အစည်းများ၏ ကြိုးပမ်းလုပ်ဆောင်ချက်များကို အထူးဦးစားပေးလုပ်ဆောင်နေပါသည်။

- အမျိုးသမီး
- ကလေးသူငယ်များ၊ လူငယ်များနှင့် မီးကောင်ပေါက်လူငယ်များ၊
- မူရင်းဌာနေလူမျိုးများ
- ဘာသာရေးနှင့် တိုင်းရင်းသားလူနည်းစုများ
- လိင်ပိုင်းဆိုင်ရာ လူနည်းစုများ
- ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ
- အေအိုင်ဒီအက်စ်ရောဂါရှင်များ
- အခြားနည်းဖြင့် သန်စွမ်းသူများ
- လယ်သမားများနှင့် အလုပ်သမားများ

## အမေရိကန်တိုက်အတွင်းရှိ ငွေကြေးကူညီထောက်ပံ့မှုအစီအစဉ်များ

အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် အမေရိကတိုက်ရှိ ကာရီဘီးယန်၊ မဲဆိုအမေရိကနှင့် တောင်အမေရိကဒေသမှ နိုင်ငံ (၁၀) နိုင်ငံတွင် လုပ်ကိုင်လျက်ရှိသည်။ အမေရိကတိုက်ရှိ အဖွဲ့၏ ထောက်ပံ့ကူညီမှုများသည် ဒေသအတွင်းရှိ မူရင်းဌာနေလူမျိုးများနှင့် အာဖရိကန္ဒယ်ဖွားလူမျိုးများ အခွင့်အရေး၊ အမျိုးသမီးနှင့် လူငယ်များ၊ လိင်ပိုင်းဆိုင်ရာလူနည်းစုများနှင့် အေအိုင်ဒီအက်စ်ရောဂါရှင်များနှင့်ပတ်သက်သည့် အကြောင်းအရာများဖြစ်သည်။

မက္ကစီကို၊ ကိုလံဘီယာ၊ ဘိုလီးဗီးယား၊ ပီရူးနှင့် ဟွန်ဒိုရပ်စ်နိုင်ငံများတွင် မူရင်းဌာနေလူမျိုးများနှင့် အာဖရိကန်နွယ်ဖွားလူမျိုးများ၏ အဖွဲ့အစည်းများက သူတို့၏ မိရိုးဖလာဘိုးဘွားပိုင်မြေနှင့် သဘာဝပတ်ဝန်းကျင်များကို ထိမ်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများ၊ အန္တရာယ်ရှိပြီး ကြီးမားလှသည့် စက်မှုလုပ်ငန်းပရောဂျက်များကို ဆန့်ကျင်သည့်လုပ်ငန်းများနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို စုပေါင်းခံစားခွင့်နှင့် နိုင်ငံသားနှင့် နိုင်ငံရေးပါဝင်ခွင့်များအကြောင်း ပြည့်ပြည့်ဝဝနားလည်သဘောပေါက်အောင် လုပ်ဆောင်သည့် လုပ်ငန်းများကို ထောက်ပံ့ကူညီလျက်ရှိသည်။

အယ်လ်ဆာဗေးဒိုး၊ မက္ကစီကို၊ ဟေတီ၊ ကိုလံဘီယာနှင့် နီကါရာဂွါနိုင်ငံများတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ဒေသဆိုင်ရာစီးပွားရေးလုပ်ငန်းများနှင့် လယ်ယာမြေပိုင်ဆိုင်ခွင့်ဆိုင်ရာ လှုံ့ဆော်မှုများ တိုးတက်စေရန်၊ နှစ်ပေါင်းများစွာတည်ရှိခဲ့သော ကုန်သွယ်ခွင့် လွတ်လပ်မှုများ၏ ဆိုးကျိုးများ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုများနှင့် အသေးစားလယ်ယာလုပ်ငန်းများအပေါ် အစိုးရ၏ မျက်ကွယ်ပြုနေခြင်းများအား ကျော်လွှားနိုင်အောင်လုပ်ဆောင်သည့် ကြိုးပမ်းမှုများကို ကူညီနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

ထိရောက်မှုရှိသော၊ လူတိုင်းလက်လှမ်းမှီခံစားရရှိနိုင်သောနှင့် တန်းတူအခွင့်အလမ်းများရှိသော ကျန်းမာရေးနှင့် ပညာရေးစနစ်များသည် အမျိုးသမီးနှင့် လူငယ်များ၏ တက်ကြွစွာပါဝင်မှုအပေါ် များစွာ တည်မှီနေလျက်ရှိသည်။ အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့၏ ဂွါတာမာလာနိုင်ငံရှိ လက်တွဲဖော်အဖွဲ့များသည် အရည်အချင်းပြည့်ဝသည့် နှစ်ဘာသာသုံးပညာရေးများကို ရပ်ရွာအခြေပြုကျောင်းများဖွင့်၍ သင်ကြားပေးနေသည်။ ပီရူး၊ ဘိုလေးဗီးယားနှင့် မက္ကစီကိုနိုင်ငံတို့မှ အောက်ခြေလူထုအမျိုးသမီးအဖွဲ့များသည် ခွဲခြားမှုရှိသော ကျန်းမာရေးပေါ်လစီများနှင့် လိင်ကွဲပြားမှုကိုအခြေခံသည့် အကြမ်းဖက်မှုများကို ဆန့်ကျင်၍ လှုံ့ဆော်စည်းရုံးနေလျက်ရှိသည်။ အယ်လ်ဆာဗေးဒိုးနှင့် ဟွန်ဒိုရပ်စ်နိုင်ငံများရှိ လက်တွဲဖော်အဖွဲ့များကလည်း လူငယ်များကို လိင်နှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသင်တန်းများပေး၍ ပညာပေးသူများဖြစ်လာအောင် လုပ်ဆောင်နေသည့်အပြင် လိင်ပိုင်းဆိုင်ရာလူနည်းစုများနှင့်ပတ်သက်၍ ဖြစ်ပျက်သောအကြောင်းအရာများကို တင်ပြလှုံ့ဆော်နေလျက်ရှိသည်။

အကြမ်းဖက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသောဒေသအတွင်းတွင် အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့၏ လက်တွဲဖော်အဖွဲ့များသည် ပြည်သူတို့၏ ဘဝ၊ ကျန်းမာရေးနှင့် ပညာရေးများ တိုးတက်မြင့်မားရန်လုပ်ဆောင်နေသလို ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထွန်းကားအောင်လည်း ကြိုးပမ်းလျက်ရှိသည်။ ကိုလံဘီယာနိုင်ငံတွင် နိုင်ငံအတွင်းရှိရွှေ့ပြောင်းနေထိုင်သူများနှင့် စစ်တပ်အတွင်းမှထွက်ခွာလာသောလူငယ်များအနေဖြင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာပါဝင်ခွင့်များရရှိစေရန် လက်တွဲဖော်အဖွဲ့များက လုပ်ဆောင်နေသည်။ ဟေတီ၊ ဟွန်ဒိုရပ်စ်နှင့် ကိုလံဘီယာနိုင်ငံတို့တွင် မြေယာနှင့် ရင်းမြစ်များနှင့်ပတ်သက်၍ အငြင်းပွားမှုများ မကြာခဏဖြစ်ပေါ်နေသောကြောင့် အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့၏ လက်တွဲဖော်အဖွဲ့များသည် ဂေဟစနစ်တည်ဆောက်ခြင်းနှင့် ဘဝသာယာဝပြောရေးအတွက် လုပ်ဆောင်မှုများကို လုပ်ဆောင်နေသည်။

**အထင်ကရ လက်တွဲဖော်အဖွဲ့အစည်း**

The Association of Producers for the Community Development of La Cienaga Grande del Bajo Sinu (ASPROSIG) အဖွဲ့သည် ကိုလံဘီယာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းတည်တံ့ခိုင်မြဲရေးအတွက်လုပ်ဆောင်နေသော လယ်သမားများ၊ ရေလုပ်သားများနှင့် ဇီနု (Zenu) မူရင်းဌာနေလူမျိုးစုများ၏ ကွန်ယက်အဖွဲ့ဖြစ်သည်။ ဤအဖွဲ့သည်  ဂေဟစနစ်နှင့် သဟဇာတဖြစ်သည့် စိုက်ပျိုးခင်းပေါင်း အခင်းတရာကို မြေယာဖော်ထုတ်စိုက်ပျိုးမည့် ဒေသနယ်နမိတ်စီမံခန့်ခွဲမှုအစီအစဉ်ကို

လုပ်ဆောင်မည်ဖြစ်သည်။ ထိုသို့စိုက်ပျိုးခြင်းအားဖြင့် ဒေသခံပြည်သူများအတွက် လုံခြုံသောအစားအစာများရရှိစေမည့်အပြင် နိုင်ငံအတွင်းရွှေ့ပြောင်းမှုကိုလဲ တားဆီးနိုင်မည်ဖြစ်သည်။

*"ကျနော်တို့အခုလုပ်ဆောင်တဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဟာ ကျနော်တို့ရဲ့ဘဝနဲ့ သဘာဝရင်းမြစ်တွေကို ထိမ်းသိမ်းနိုင်ဖို့လုပ်ဆောင်တဲ့နည်းလမ်းတခုဖြစ်ပါတယ်။ ကျနော်တိုတတွေဟာ ဒီနေရာဒေသမှာ ရှေးပဝေသဏီထဲကခေါင်းချနေထိုင်ခဲ့တဲ့သူတွေဖြစ်သလို ဒီသဘာဝပတ်ဝန်းကျင်ကိုလဲ ချစ်တယ်။ ဘိုးဘွားဘီဘင်ကထည်းကရှိခဲ့တဲ့ မျိုးရိုးနဲ့ ဒီမြစ်နဲ့ ဒီရောက်တောတွေရဲ့ ဆက်သွယ်မှုကနေ ကျနော်တို့ဘဝပေါက်ဖွားလာခဲ့တာဖြစ်ပါတယ်"*
*Jominson Pitalua, ASPROSIG*

## အာဖရိကတိုက်အတွင်းရှိ ငွေကြေးကူညီထောက်ပံ့မှုအစီအစဉ်များ

အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် အာဖရိက ဆပ်ဆာဟာရဒေသအတွင်းရှိ နိုင်ငံ (၁၆) နိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုများရရှိရေးလုပ်ငန်းများ၊ ပညာရေးနှင့် ရေရှည်တည်တံ့သည့် လူသားတို့၏ ဘဝတိုးတက်ရေးလုပ်ငန်းများနှင့် အထူးအခွင့်အလမ်းနည်းပါးသောသူများအတွက် ထောက်ပံ့ကူညီမှုလုပ်ငန်းများကို လုပ်ဆောင်နေပါသည်။

ဖြစ်ပွားနေသော အေအိုင်ဒီအက်စ်ရောဂါ၏သက်ရောက်မှုများကို တင်ပြရန်နှင့် ရောဂါကူးစက်သက်ရောက်မှု ခံနေရသောသူများအတွက် စီးပွားရေးနှင့် အစားအစာလုံခြုံရေးများတိုးတက်အောင်လုပ်ဆောင်ရန် စသည့်လုပ်ငန်းများသည် အာဖရိကတိုက်အတွင်း ဦးစားပေးလုပ်ဆောင်နေသောလုပ်ငန်းများဖြစ်သည်။ တောင်အာဖရိကနိုင်ငံရှိလက်တွဲဖော်အဖွဲ့များသည် အေအိုင်ဒီအက်စ်ရောဂါ တားဆီးရေး၊စောင့်ရှောက်ရေးနှင့် ကုသရေးလုပ်ငန်းများလုပ်ဆောင်နေသလို အီသီယိုပီးယား၊ ကင်ညာ၊ ယူဂန်ဒါနှင့် ဇန်ဘီးယားနိုင်ငံများရှိ အဖွဲ့များလည်း ရောဂါပိုးစွဲကပ်နေသူများနှင့် မိသားစုများ၊ မိဘမဲ့များအတွက် နေအိမ်အခြေစိုက် စောင့်ရှောက်မှုများ၊ ပညာသင်ထောက်ပံ့မှုများနှင့် အခြားထောက်ပံ့မှုများလုပ်ဆောင်နေသည်။ နိုင်ဂျီးရီးယားနှင့် ဂါနာနိုင်ငံများရှိ အဖွဲ့များကလည်း လိင်ပိုင်းဆိုင်ရာလူနည်းစုများကို သတင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပံ့ပိုးလုပ်ဆောင်ပေးနေသည်။

အာဖရိကတိုက်ရှိ အေအိုင်ဒီအက်စ်ရောဂါစွဲကပ်နေသူများ၏ ၆၀ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များဖြစ်ကြသည်။ မညီမျှသောပါဝါတည်ဆောက်မှုပုံစံနှင့် လိင်အခြေပြုခွဲခြားဆက်ဆံခံရမှုတို့က ထိုသူတို့အပေါ် ရောဂါပိုးစွဲကပ်ခံရမှုပိုမိုများစေသလို ဆင်းရဲမွဲတေခြင်း၊ အကြမ်းဖက်ခြင်းနှင့် မတရားမှုတို့ကြောင့် ဝန်ထုတ်ဝန်ပိုးများ ပိုမိုဖြစ်စေသည်။ ဇင်ဘာဘွေနှင့် အခြားနိုင်ငံများတွင် အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့၏ လက်တွဲဖော်အဖွဲ့များသည် အမျိုးသမီးများအတွက် ရေရှည်တည်တံ့မည့် ဘဝလုပ်ငန်းအစီအစဉ်များ ဖန်တီးပေးခြင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုခံရသောသူများအတွက် အကူအညီများ ထောက်ပံ့ပေးခြင်းများ လုပ်ဆောင်နေပါသည်။

ကာလကြာရှည်စွာဖြစ်ပွားနေသည့် အစားအစာမလုံခြုံမှုပြဿနာကလည်း ရပ်ရွာလူထုများကို အစားအစာငတ်မွတ်မှုများ၊ အမြတ်ထုတ်ခံရမှုများနှင့် စော်ကားမှုများကို ရင်ဆိုင်ရအောင် တွန်းပို့နေပါသည်။ ဆီနီးဂဲနိုင်ငံရှိ ကျေးလက်ဒေသများထံထောက်ပံ့နေသောအကူအညီများဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးနှင့် ဝင်ငွေနည်းသောလယ်သမားများအတွက် ဝင်ငွေတိုးလုပ်ငန်းများလုပ်ကိုင်ရန် အဓိက ကူညီပေးလျက်ရှိသည်။

လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုခံနေရသောတိုင်းပြည်များနှင့် ငြိမ်းချမ်းရေးသို့ဦးတည်နေသောနိုင်ငံများတွင်လည်း အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် အရေးပေါ်ကူညီထောက်ပံ့မှုများ၊ စိတ်ပိုင်းခံစားမှုများအား လျော့ပါးစေရန်ကူညီမှုများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပံ့ပိုးပေးနေပါသည်။ ကွန်ဂိုဒီမိုကရက်တစ်သမတနိုင်ငံနှင့် ဆူဒန်နိုင်ငံတို့တွင် လက်တွဲဖော်အဖွဲ့များသည် နေအိမ်အတည်တကျမရှိသောရပ်ရွာလူထုများကို ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးခြင်းအပြင် ကလေးစစ်သားများအား လက်နက်ဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းအသားကျစေရေး လှုံ့ဆော်မှုများကို ရပ်ရွာအဆင့်တွင် လုပ်ဆောင်နေပါသည်။  အမေရိကန် လက်တွဲဖော်အဖွဲ့များ၏ ရဝမ်ဒါနှင့် လစ်ဘေးရီးယားနိုင်ငံတို့တွင်လုပ်ဆောင်နေသောလုပ်ငန်းများကနေ၍ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ ပါဝင်မှုမှာ မရှိမဖြစ်အရေးကြီးကြောင်း ဖော်ပြနေသည်။

***အထင်ကရ လက်တွဲဖော်အဖွဲ့အစည်း***

Education as a Vaccine Against AIDS (EVA) အဖွဲ့သည် အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့၏ လက်တွဲဖော်အဖွဲ့အဖြစ်လုပ်ကိုင်လာခဲ့သည်မှာ ၂၀၀၅ ခုနှစ်ကထည်းကဖြစ်သည်။ ထိုအဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံရှိ အိတ်ချ်အိုင်ဗွီအဖြစ်အများဆုံး ပြည်နယ်သုံးခုမှ ကျောင်းဆရာဆရာမများကို လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာကျန်းမာရေးသင်တန်းများ ပို့ချလျက်ရှိသည်။ ၂၀၀၈ ခုနှစ်တွင် ထိုအဖွဲ့သည် မိဘမဲ့ကလေးများနှင့် အခြားနည်းဖြင့်သန်စွမ်းသည့်ကလေးများကို ကျောင်းများနှင့် သမရိုးကျမဟုတ်သော ပညာရေးအစီအစဉ်များတွင် ပါဝင်ခွင့်ပြုရန် အစိုးရအရာရှိများနှင့် ကျောင်းအုပ်ချုပ်ရေးအရာရှိများကို လှုံ့ဆော်သည့် +OVCEducation လှုံ့ဆော်မှုကို လုပ်ဆောင်ခဲ့သည်။ ထိုလှုံ့ဆော်မှု၏အစိတ်အပိုင်းတခုအနေနှင့် အိပ်ချ်အိုင်ဗွီခံစားနေရသောကလေးများ၏ ပညာရေးလက်လှမ်းမှီမှုအပေါ် ကန့်သတ်နေမှုများဆိုင်ရာ သတင်းအချက်အလက်များကို သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် လူအများသိအောင် ဖြန့်ဖြူးခြင်းများလုပ်ဆောင်ခဲ့သည်။ ထို့ပြင် ထိုကလေးများအနေဖြင့် ကျောင်းပြန်လည်တက်ရောက်နိုင်ရန်အတွက် ကူညီပေးနိုင်ရန် သူတို့ကိုစောင့်ရှောက်သူများ၏ စွမ်းရည်များကို မြှင့်တင်ပေးခဲ့သည်။

*“ဒီစကားလုံးလေးကို ကျမရဲ့ အင်္ဂလိပ်စာဆရာဆီက ခဏခဏလေ့လာမိခဲ့တယ်။ သူက ကျမကိုပြောတယ်။ တကယ်လို့သာ ကျမက ထင်ရှားကျော်ကြားတဲ့ အမျိုးသမီးတယောက်ဖြစ်ချင်ရင် ကျမရဲ့ ဦးစားပေးအရာတွေကို စနစ်တကျစီစဉ်တတ်ရမယ်။ အလုပ်ကြိုးစားရမယ်၊ ကျောင်းစာကို အပတ်တကုတ်လေ့လာရမယ်။ မဟုတ်ဘူးလို့ပြောနိုင်အောင်၊ မဟုတ်ဘူးဆိုတာသိနိုင်အောင် လုပ်ရမယ်တဲ့။*

***Mnguember/ Mbawa Benue** ပြည်နယ်ရှိ အစိုးရအလယ်တန်းကျောင်းမှ ကျောင်းသူတဦး*

**အာရှတိုက်အတွင်းရှိ ငွေကြေးကူညီထောက်ပံ့မှုအစီအစဉ်များ**

အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် အာရှတိုက်ရှိ နိုင်ငံ(၈)နိုင်ငံတွင် တိုင်းရင်းသားလူမျိုးများ၊ ဘာသာရေးနှင့် လိင်ပိုင်းဆိုင်ရာ လူနည်းစုများ၊ အမျိုးသမီးများ၊ လယ်သမားငယ်များ၊ အေအိုင်ဒီအက်စ်ရောဂါခံစားနေရသောသူများနှင့် အခြားသီးသန့်ဖယ်ရှားခံနေရသောသူများအတွက် တန်းတူညီမျှရေးလုပ်ဆောင်နေသော အဖွဲ့များနှင့် လက်တွဲလုပ်ကိုင်နေလျက်ရှိသည်။ ထို့ပြင် ၂၀၀၄ ခုနှစ်က ဖြစ်ပွားခဲ့သော ဆူနာမီရေလှိုင်းဒဏ်ခံနောက်ပိုင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ခံစားရသောပြည်သူများ၏ လိုအပ်ချက်များကို အစိုးရက တုန့်ပြန်ဆောင်ရွက်ပေးရန်နှင့် ပြည်သူလူထုကလဲ နောင်အနာဂတ်အရေးပေါ်အခြေအနေကာလတွင် ပြင်ဆင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍  လုပ်ဆောင်နေဆဲဖြစ်သည်။

အာရှတိုက်အတွင်းကူညီထောက်ပံ့မှုများ၏ ဦးစားပေးလုပ်ငန်းများထဲတွင် မြေယာပိုင်ဆိုင်ခွင့်နှင့် သဘာဝရင်းမြစ်များကို ထိမ်းသိမ်းစီမံခွင့်သည် ထိပ်ဆုံးမှပါဝင်သော လုပ်ငန်းတခုဖြစ်သည်။ အမေရိကန် ဂျူးများ၏

ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် အာရှဒေသတွင် မိုင်းလုပ်ငန်းများ၊ သစ်လုပ်ငန်းများ၊ ဆည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ငွေပေါသည့်သီးနှံများကို အဓိကစိုက်ပျိုးသည့်လုပ်ငန်းကြီးများကြောင့် ဘဝကို အန္တရာယ်ဖြစ်စေသော အိန္ဒိယ၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံရှိ မူရင်းဌာနေလူမျိုးစုများနှင့် လူမှုဘဝအရ သီးသန့်ခွဲခြားခံနေရသည့်လူတန်းစားများအား ကူညီပေးလျက်ရှိသည်။

အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့၌ ထောက်ပံ့ထားသောလုပ်ငန်းများထဲတွင် ဇာတ်နိမ့်လူတန်းစားများနှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားတို့အပေါ် လုပ်ငန်းခွင်တန်းတူညီမျှမှုမရှိခြင်းနှင့်  လုပ်အားအမြတ်ထုတ်ခြင်းများကို ထုတ်ဖော်တင်ပြခြင်းများပါဝင်သည်။ ထိုသူများသည် အန္တရာယ်ရှိသော လုပ်ငန်းခွင်မျိုးတွင် လုပ်ကိုင်နေကြရပြီး လုံလောက်သော တရားဥပဒေကာကွယ်မှုများကိုလဲ ငြင်းပယ်ခံထိနေသည်။  အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့၏ အကူအညီများဖြင့် အလုပ်သမားအခွင့်အရေးသင်တန်းများ၊ အလုပ်သမားပေါ်လစီ ပြုပြင်ပြောင်းလဲမှုများ၊ တရားရေးအကူအညီများ၊ ပညာရေးနှင့် လုပ်ငန်းခွင်ကျန်းမာရေးလုံခြုံရေးကိစ္စများကို လုပ်ဆောင်နေသည်။

အာရှဒေသတွင် လိင်ကွဲပြားမှုနှင့် လိင်စိတ်ကွဲပြားမှုအပေါ်အခြေခံသည့်အကြမ်းဖက်မှုများကို တွန်းလှန်ရန် အထူးအရေးကြီးနေသည်။ အိန္ဒိယရှိ လက်တွဲဖော်အဖွဲ့များသည် မြီးကောင်ပေါက်အမျိုးသမီးငယ်များနှင့် အိမ်တွင်းအကြမ်းဖက်ခံရသောသူများ၏ လိုအပ်ချက်များကို အထူးအလေးထားလုပ်ဆောင်နေလျက်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံတွင်းရှိ အထည်ချုပ်စက်ရုံအလုပ်သမားများနှင့် လိင်အလုပ်သမားများအကြား လုပ်ငန်းခွင်အတွင်း လိင်ကွဲပြားမှုအပေါ် အခြေခံသည့်အကြမ်းဖက်မှုများလျော့ကျစေအောင် လက်တွဲဖော်အဖွဲ့များက လုပ်ဆောင်နေသည်။

ပဋိပက္ခများ အထူးဖြစ်ပွားနေသောဒေသများအတွင်းတွင် အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့၏ လက်တွဲဖော်အဖွဲ့များသည် လူထုအခြေပြုလူ့အသိုင်းအဝိုင်းများပေါ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံရှိ စစ်အစိုးရ၏ တိုင်းရင်းသားလူမျိုးပြုတ်စစ်ဆင်ရေးကြောင့် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများရှိ တိုင်းရင်းသားငါးသိန်းခန့်သည် အိုးအိမ်အိမ်မဲ့ဖြစ်ခဲ့ရသည်။ အာဖဂန်နစ္စတန်နိုင်ငံရှိ ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်သည့် ပဋိပက္ခကြောင့် ပြည်သူလူထု၏ အခြေခံကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးအဆောက်အအုံများ ပြိုလဲခဲ့ရသည်။ သိရိလင်္ကာနိုင်ငံတွင် တိုင်းရင်းသားများအကြားဖြစ်ပွားနေသည့် ပြည်တွင်းစစ်မီး အရှိန်အဟုတ်မြင့်လာခဲ့သည်။ ထိုသို့အထူးဆိုးဝါးနေသော အရေးပေါ်အခြေအနေမျိုးတွင် မိမိတို့၏ လက်တွဲဖော်အဖွဲ့များသည် မရှိမဖြစ်လိုအပ်သော လူမှုထောက်ပံ့မှုလုပ်ငန်းများကို ပံ့ပိုးပေး၍ ငြိမ်းချမ်းရေးအုတ်မြစ်ကို တည်ဆောက်နေလျက်ရှိသည်။

***အထင်ကရလက်တွဲဖော်အဖွဲ့***

Karen Student Network Group (KSNG) အဖွဲ့သည် ပဋိပက္ခများနှင့် နေရာရွှေ့ပြောင်းမှုများကြောင့် မြန်မာနိုင်ငံတွင် လစ်ဟာနေသော ပညာရေးအကြောင်းကို တင်ပြလုပ်ဆောင်နေသည့်အပြင် မြန်မာနိုင်ငံလွတ်မြောက်ရေးနှင့် ဒီမိုကရေစီအရေးတိုက်ပွဲအတွင်း လူငယ်များကို အနာဂတ်ခေါင်းဆောင်များဖြစ်လာအောင် ပြင်ဆင်လုပ်ဆောင်နေလျက်ရှိသည်။ အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့၏ အကူအညီဖြင့် ထိုအဖွဲ့သည် ကရင်ပြည်တွင်းလှည့်လည်နေထိုင်သူများကျောင်း အစီအစဉ်ကို လုပ်ဆောင်လျက်ရှိသည်။ ထိုအစီအစဉ်ဖြင့် ကရင်ပြည်နယ်အတွင်းကျောင်းငါးကျောင်းကို ဆရာလစာများ၊ သင်ကြားရေးပစ္စည်းများ၊ ကျောင်းဝတ်စုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးပေးနေသည်။

*"ကျနော် သုံးတန်းတုံးက မြန်မာစစ်တပ်က ရွာကို မီးရှို့လို့ အားလုံးထွက်ပြေးခဲ့ရတယ်။ အသက် ၁၂ နှစ်ရောက်တော့ စစ်သားအဖြစ်အမှုထမ်းရတယ်။ အခုတော့ ဒုက္ခသည်စခန်းကိုရောက်ပြီး KSNG အဖွဲ့က ကူညီတဲ့ ကျောင်းကို တက်ခွင့်ရတယ်။ ကျနော်အနေနဲ့ ကိုယ်လူမျိုးကိုအကျိုးပြုတဲ့ လူတယောက်ဖြစ်ချင်တယ်။ ပညာရေးဆက်လေ့လာချင်ပြီး ကရင်ပြည်နယ်ကိုပြန် ဘယ်လိုမျိုးနဲ့ကူညီရ ကူညီရ ပြန်ကူညီချင်တယ်"*
*အသက် ၁၈ နှစ်ရှိသော ကျောင်းသားတဦး*
*ကရင်ပြည်တွင်းလှည့်လည်နေထိုင်သူများကျောင်းအစီအစဉ်*

# COLLEGIAL PARTNERSHIP Grants Program

ယခုအစီအစဉ်ဖြင့်  အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် အောက်ခြေလူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်နေသော နိုင်ငံတကာနှင့် ဒေသတွင်းအခြားအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းကာ မိမိ၏ ဦးတည်ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်။

Collegial Partners အဖွဲ့များတွင် နိုင်ငံတကာလှုံ့ဆော်ရေးအဖွဲ့များ၊ သင်တန်းနှင့် လူ့အခွင့်အရေးအဖွဲ့များ၊ အောက်ခြေလူထုအခြေပြုအဖွဲ့များပါဝင်သည့် ဒေသအတွင်း ကွန်ယက်အဖွဲ့များ၊ အသစ်အဆန်းကိုလိုလားသည့် ထောက်ပံ့ရေးအဖွဲ့ငယ်များစသည်ဖြင့် အမျိုးမျိုးသော အဖွဲ့များပါဝင်သည်။ ထိုအဖွဲ့များသည် ရပ်ရွာလူထုကိုအခြေပြုသည့် (မိမိတို့၏လက်တွဲဖော်အဖွဲ့များပါဝင်သည့်)အဖွဲ့များကို သင်တန်းပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်း၊ အဖွဲ့များကိုယ်စား စည်းလုံ့ဆော်ခြင်းများ လုပ်ဆောင်၍ ဒေသအလိုက်စွမ်းအင်များတိုးတက်လာရန်နှင့် ကမ္ဘာတဝှမ်းပြောင်းလဲမှုများကို ဖော်ဆောင်နိုင်မည့် လှုပ်ရှားမှုများပေါ်ပေါက်လာစေရန် လုပ်ဆောင်နေ၏။ Collegial Parnters အဖွဲ့များသည် အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့က အလေးထားဆောင်ရွက်နေသော အခြားနည်းဖြင့်သန်စွမ်းသောသူများအခွင့်အရေး၊ အမျိုးသမီးရေးရာကိစ္စများ၊ သဘာဝဘေးဒဏ်အန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့် အောက်ခြေလူထုဖွံ့ဖြိုးရေးစသည့်လုပ်ငန်းနယ်ပယ်များတွင် ကျွမ်းကျင်မှုရှိသော အဖွဲ့များဖြစ်သည်။

ထိုအဖွဲ့များ၏ ထောက်ပံ့ကူညီမှုဖြင့် အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် မိမိတို့၏ လက်တွဲဖော်အဖွဲ့များကို ထပ်လောင်းကူညီမှုများပေးနိုင်ခဲ့သည်။ ထို့ပြင် မိမိတို့၏ ဗဟုသုတများနှင့် အရည်အချင်းများကို တိုးတက်စေနိုင်ခဲ့သလို ဒေသဆိုင်ရာနှင့် နိုင်ငံတကာနယ်ပယ်တွင်လည်း အထူးလိုအပ်နေသည့် အကြောင်းအရာသစ်များအတွက် ကူညီမှုများပေးနိုင်ခဲ့သည်။

**အထင်ကရ လက်တွဲဖော်အဖွဲ့**

Front Line: The International Foundation for the Protection of Human Rights Defender

ဤအဖွဲ့သည် နိုင်ငံပေါင်း (၉၀) ရှိ အကြမ်းမဖက်သော လူသားချင်းစာနာမှုလှုပ်ရှားသူများကို ကာကွယ်ပေးခြင်း၊ ပညာပေးခြင်းများကို လုပ်ဆောင်နေသောအဖွဲ့ဖြစ်သည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၏ တဦးချင်းလုံခြုံရေး၊ ကိုယ့်ကိုကိုယ်စောင့်ရှောက်ခြင်း၊ တဦးချင်းအပေါ်ထိရောက်စွာကာကွယ်သောလုပ်ဆောင်မှုများ တိုးတက်မြင့်မားလာအောင် လုပ်ဆောင်ပေးသည်။ ထို့ပြင် တက်ကြွလှုပ်ရှားသူများအပေါ် အန္တရာယ်ကျရောက်သည့်အခါတွင် လိုအပ်သည့်အကူအညီများကို ပေးနိုင်မည့် ဒေသအလိုက်ရှိနေသော သင်တန်းနည်းပြများကွန်ယက်တည်ဆောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

*“မနေ့က လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူနဲ့ ပတ်သက်တဲ့ အီးယူလမ်းညွှန်ချက်ဆိုင်ရာသင်တန်းကို သွားတက်ပါတယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့စိတ်ဝင်စားတဲ့ အီးယူ (၁၅)နိုင်ငံက သံတမန်တွေ ရင်းရင်းနှီးနှီးစကားပြောခဲ့ရတယ်။ ဒါ့အပြင် အရေးပေါ်အချိန်မှာ သူတို့ရဲ့ အကူအညီကို ဘယ်လိုယူလို့ရတယ်ဆိုတာ လေ့လာမိခဲ့တယ်။”*

***Front Line** သင်တန်းတက်ရောက်ခဲ့သော လက်တွဲဖော်အဖွဲ့ဝင်တဦး*
*အိန္ဒိယ*

အမေရိကန် ဂျူးများ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ကူညီမှုအဖွဲ့သည် ဂျူးဘာသာတရား၏ တရားမျှတမှုအပေါ် လိုလားသောဆန္ဒများ၏ စေ့ဆော်မှုဖြင့် ပေါ်ထွန်းလာသော နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းဖြစ်သည်။ မိမိတို့အဖွဲ့သည် လူမျိုး၊ ဘာသာနှင့် နိုင်ငံသားဖြစ်မှုအပေါ် မခွဲခြားဘဲ ဖွံ့ဖြိုးဆဲနိုင်ငံများရှိပြည်သူလူထုအကြား ဆင်းရဲမွဲတေမှု၊ ငတ်မွတ်မှုနှင့် ရောဂါဘယများ ပပျောက်စေရန် သံဓိဋ္ဌာန်ချမှတ်လုပ်ဆောင်နေလျက်ရှိသည်။ အောက်ခြေလူထုအဖွဲ့အစည်းများကို ငွေကြေးထောက်ပံ့ကူညီမှုများမှတဆင့် စေတနာ့ဝန်ထမ်းများ၊ လှုံ့ဆော်မှုများနှင့် ပညာရေးလုပ်ငန်းများကို ကူညီပေးနေသည်။ မိမိတို့အဖွဲ့သည် ဂျူးလူမျိုးများအကြား ကမ္ဘာနိုင်ငံသားများ၏ တန်ဖိုးနှင့် တာဝန်ရှိမှုတို့ တိုးတက်မြင့်မားအောင်လုပ်ဆောင်နေသလို လူထုအခြေပြု လူမှုအသိုင်းအဝိုင်းများ၊ တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုများနှင့် လူသားအားလုံးအတွက် လူ့အခွင့်အရေးများပေါ်ထွန်းစေရန် ကြိုးပမ်းလုပ်ကိုင်လျက်ရှိသည်။

New York City
45 West 36th Street
New York, NY 10018
t: 212.792.2900
800.889.7146
f: 212.792.2930

San Francisco
131 Steuart StreetSuite 200
San Francisco, CA 94105
t: 415.593.3280
f: 415.593.3290

Washington, D.C.
1001 Connecticut Avenue, NW Suite 1200
Washington, D.C. 20036
t: 202.379.4300
866.531.9196
f: 202.379.4310

www.ajws.org/grants ajws@ajws.org